# သင်သည် ကပ်ဘေးအကူအညီ ရနိုင်သည်



**FEMA** နှင့် ပြည်နယ်၊ နယ်မြေ သို့မဟုတ် လူမျိုးစု အစိုးရသည် တိုက်ရိုက် နှင့် ဘဏ္ဍာရေး ကပ်ဘေး အကူအညီကို ယူအက်စ် နိုင်ငံသားများ၊ နိုင်ငံသား မဟုတ်သူများ၊ အရည်အချင်း ပြည့်မီသည့် နိုင်ငံခြားသားများအတွက် စီစဉ်ပေးနိုင်သည်။

ကပ်ဘေး အကူအညီထဲတွင် ယာယီ အိမ်ငှားရေး၊ အိမ်ပြင်ရေး၊ ကိုယ်ပိုင် ပစ္စည်းများ ဆုံးရှုံးခဲ့ရခြင်း နှင့် အာမခံထဲ အကျုံးမဝင်သည့် ကပ်ဘေးနှင့် ဆက်စပ်ကြသည့် အခြား အပူတပြင်း လိုအပ်ချက်များ နှင့် ကုန်ကျစရိတ်များ အတွက် ငွေ သို့မဟုတ် အခြား အရာများ ပါဝင်နိုင်သည်။

နိုင်ငံသား–ပြည်နယ် 50 ထဲကတစ်ခုခု၊ကိုလံဘီယာခရိုင်၊ ပူအဲရ်တိုရီကို၊ယူအက်စ် ဗာဂျင်းကျွန်းများသို့မဟုတ် မြောက်မာရီယာနာကျွန်းများမှာမွေးခဲ့သူ၊သို့မဟုတ် ယူအက်စ် ပြင်ပတွင် ယူအက်စ်နိုင်ငံသားမိဘတစ်ဦးထံ မွေးခဲ့သူ သို့မဟုတ် နိုင်ငံသားအဖြစ် ခံယူခဲ့သည့် နိုင်ငံသား။

နိုင်ငံ မဟုတ်သောသူ–ယူအက်စ် အစွန်အဖျားပိုင်ဆိုင်မှုဒေသ (ဥပမာ၊အမေရိကန် **ဆမိုးဝါး** သို့မဟုတ် စဝိုင်းကျွန်း)တွင်ယင်းပိုင်ဆိုင်မှုကို ယူအက်စ်မှ ရယူခဲ့သည့် ရက်စွဲတွင် သို့မဟုတ် နောက်ပိုင်းတွင် မွေးခဲ့သူ သို့မဟုတ် ယူအက်စ် နိုင်ငံသားများမဟုတ်သည့် မိဘများမှ မွေးခဲ့သောသူ။ယူအက်စ် နိုင်ငံသားများအားလုံးတို့သည် ယူအက်စ် ပြည်သူများ ဖြစ်ကြသော်လည်း၊ယူအက်စ် ပြည်သူတိုင်းသည် ယူအက်စ် နိုင်ငံသားများမဟုတ်ကြပါ။

အရည်အချင်း ပြည့်မီသည့် နိုင်ငံခြားသားထဲတွင် ယေဘုယျအားဖြင့် ပါဝင်ကြသည်မှာ-

- တရားဝင် အမြဲတမ်း နေထိုင်သူများ (“Green Card” စွဲကိုင်ထားသူများ)
- ခိုလှုံခွင့်ရထားသူများ၊ ဒုက္ခသည်များ၊ သို့မဟုတ် နိုင်ငံမှနှင်ထုတ်မှု အခြေအနေကို ရပ်တန့်ပေးခံရသူများ
- ယူအက်စ်တွင် ပြည်နှင်ဒဏ်မှ အနည်းဆုံး တစ်နှစ် ကင်းလွတ်ခွင့် ရထားသည့် နိုင်ငံခြားသားများ
- သတ်မှတ်ချက် (ဧပြီ 1၊ 1980 အထိ အာဏာတည်ခဲ့သည့် ဥပဒေ) အရ ဝင်ခွင့် ရခဲ့ကြသည့် နိုင်ငံခြားသားများ
- ကျူးဘား/ **ဟေတီ** မှ ဝင်လာခဲ့သူ
- လွန်ကဲစွာ ရက်စက်ကြမ်းကြုတ်မှုကို ခံစားခဲ့ရသော သို့မဟုတ် “T” သို့မဟုတ် “U” ဗီဇာရှိသူများအပါအဝင် လူကုန်ကူးမှုပုံစံကြောင့် ပြင်းထန်စွာ နစ်နာခဲ့ကြရသော အချို့သော နိုင်ငံခြားသားများ

လျှောက်ထားသူသည် လျှောက်ထားချိန်မှာ နိုင်ငံသား သို့မဟုတ် ပြည်ဝင်မှု အခြေအနေကို မပြည့်မီလျှင်၊ အိမ်ထောင်စုသည် အောက်ပါ ကိစ္စများတွင် IHP အကူအညီ ပုံစံတချို့အတွက် လျှောက်ထား၍ရနိုင်ပါသေးသည်-

- အခြား အိမ်ထောင်စုဝင်၊ ကလေးငယ် အပါအဝင်၊ မှတ်ပုံတင်ရန် လုပ်ကိုင်နေချိန်မှာ အရည်အချင်း ပြည့်မီရေး သတ်မှတ်ချက် များကို ပြည့်မီခြင်း
- ကလေးငယ်နှင့်အတူ နေထိုင်သော မိဘ သို့မဟုတ် အုပ်ထိန်းသူသည် U.S. နိုင်ငံသား၊ နိုင်ငံသား မဟုတ်သောသူ၊ သို့မဟုတ် အရည်အချင်းပြည့် နိုင်ငံခြားသား ဖြစ်သော ကလေးငယ်ကိုယ်စား အကူအညီ အတွက် လျှောက်ထားနိုင်သည်။ ကလေးငယ်သည် အရေးအခင်း ကာလ၏ ပထမနေ့ သို့မဟုတ် ကပ်ဘေးကို ကြေညာခဲ့သည့်နေ့၊ အရင်ကျသည့်နေ့တွင် အသက် 18 နှစ် အောက်ရှိသူ ဖြစ်ရမည်

FEMA

သက်ဆိုင်သူတို့သည် FEMAကပ်ဘေးအကူအညီရရှိရေးအတွက်လူထံမှုအခြေအနေသည်းကမ်းချက်များကို ပြည့်မီခြင်းရှိမရှိကိုစိစစ်ရန်လူထံမှုပါရှုထံတွင်တိုင်ပင်ရမည်။